သင်းစကား ၁-၁၅

# သင်းစကား


ဝိညာဉ်ရေးရာစာစောင်

Merry X'mas

Merry X'mas ဆုံးမဩဝါဒ၌ စိတ်နှလုံးသွင်းလော့။ ပညာအသိ စကားကို နားထောင်လော့။ သုတ္တံ ၂၃း၁၂ Merry X'mas

Merry X'mas

| | | | |
|---|---|---|---|
| စာမှတ်စဉ် (၁၆) | ဒီဇင်ဘာလ | ၂၀၀၂ ခုနှစ် | ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း တစ်ခါ ဖြန့်ချီသည်။ ) |


## အသည်းစအိမ်တံခါးဖွင့်ထားပါ

* တိုးဝင်လာမဲ့ * ယေရှုဘုရား ဟာ ...
* အသည်းအိမ် အဝင်မှာ * ဝင်ခွင့်တောင်းရှာ * ...
* အိပ်ပျော်နေတဲ့ စိတ်တွေ ... မိုက်မှောင်နေတဲ့ စိတ်တွေ *
* ကိုယ်တော်ရှင်ဘုရား * ပြုပြင်နိုင်ဖို့ အသင့်ပြင် ...

၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်၊ ည ၁၂း၀၀ နာရီ တိတိ၊ သန်းခေါင်ယံ ဝတ်ပြုစည်းဝေးပွဲမှ အမှတ်ရစရာများဖြစ်ပါတယ်။

ကျွန်မရဲ့ ရင်ထဲမှာ လေးလံမှုများနဲ့ အတူ၊ မညီမညာတဲ့ ခြေလှမ်းတွေနဲ့ ဘုရားကျောင်းဆောင်ထဲ ဝင်လိုက်တဲ့အခါ၊ လူငယ်လေး တစ်ယောက်ရဲ့ " အသည်းစအိမ် တံခါးဖွင့်ထားပါ " ဆိုတဲ့ သီချင်းသံကို ကြားလိုက်ရတဲ့ အချိန်မှာ ကျွန်မရဲ့ ရင်ထဲ နာကျင်သွားခဲ့ပါတယ်။

ဒီသီချင်းကို စပ်ဆိုတဲ့ တေးပြုဆရာက ကျွန်မကို ရည်ရွယ်ပြီး စပ်ဆိုထားတာလားလို့တောင် ထင်ခဲ့မိပါတယ်။ ကျွန်မရင်ထဲမှာ ရှိတဲ့ လူမမြင်နိုင်တဲ့ "သည်းခံခြင်းတရားမရှိခြင်း" "ရန်ညိုးထားခြင်း" ကို သူက သိနေလို့ လက်ညှိုးထိုး နေသယောင်။

သိတတ်စ အရွယ်ကတည်းက ဘယ်သူ့ကိုမှ မတရားမလုပ်ဘူးလို့ ကိုယ့်ကိုယ်ကို ယုံကြည်လက်ခံထားတဲ့ ကျွန်မ အတွက် " မတရားမှုပြုသူ " တွေကို တစ်ခါ ကြိုးစားသည်းခံဖူးတော့ ၊ နှစ်ခါ၊ သုံးခါ၊ အခါခါဆိုရင် သည်းမခံနိုင်တော့။ ဒီထက်မက အဲဒီသူကို အညိုးထားပြီး လုံးဝခေါ်ပြောချင်စိတ်လဲ မရှိတော့ပါ။

ကျွန်မဟာ ကြာပန်းလို ရွှံ့နွံ့အညစ်အကြေးထဲမှာ ပေါက်နေပေမဲ့ အညစ်အကြေး စွန်းထင်မှု မရှိဘဲ၊ ဖြူစင်ပေါ်ပါး လွတ်လပ်လိုပါတယ်။ လောကီ အညစ်အကြေး ဒေါသ၊ မောဟတွေ ကျွန်မထံ မကပ်ညိဘဲ ဆိတ်ငြိမ်ကြည်လင် ဖြူဖြူစင်စင် နေထိုင်လိုပါတယ်။

ကျွန်မ ဘုရားကျောင်းမှန်မှန် တက်ပါတယ်။ လစဉ် အမြဲတမ်းချီး ပွဲတော် မင်္ဂလာ မှန်မှန်ယူပါတယ်။ ဒါပေမဲ့ သည်းမခံနိုင်တဲ့ စိတ်ထားများနဲ့ နာကျည်းစွာ ခံစားခဲ့ရတဲ့ အတွေ့အကြုံ အညိုးထားမှုများကိုတော့ အလွယ်တကူ ဖြေဖျောက်နိုင်စွမ်းမရှိပါ။

မှတ်မှတ်ရရ ၁၉၈၉ ခုနှစ် ဒီဇင်ဘာလမှာ ဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်မ ၇တန်းကျောင်းသူ ဖြစ်ပါတယ်။ ဒီဇင်ဘာ ကျောင်းပိတ်ရက်မှာ မိမိ အသင်းတော်ဆီ ပြန်လာပြီး ညစဉ် ညဆက် ခရစ်စမတ် carol singing ကယ်ရယ် သီချင်းဆိုဖို့ လူငယ်များနဲ့အတူ ပါဝင်ဆက်ကပ်ခဲ့ပါတယ်၊ ဆောင်းရာသီ ဖြစ်တဲ့အတွက် ချမ်းအေးလွန်းလှသလို နှင်းတောထဲမှာ လက်နှိပ်ဓါတ်မီး၊ မီးအိမ်တွေကို ကိုင်ပြီး တစ်ရွာဝင်၊ တစ်ရွာထွက်နဲ့ နီးစပ်ရာ ရွာနီးနားချင်း အသင်းတော်က အသင်းသား တွေရဲ့ အိမ်တိုင်းမှာ သီချင်းဆို၊ ဆုတောင်းပေးခဲ့ကြပါတယ်။

၄-၅ ညလောက် သွားပြီးတဲ့အခါမှာတော့ အိပ်ရေးပျက်တဲ့ ဒဏ်တွေနဲ့ ကျွန်မ အားနည်းပြီး ပင်ပန်းလာပါတယ်။ အမေက ကျွန်မကို အနားယူဖို့ ပြောပေမဲ့ ခရစ်တော်အတွက် ဆိုပြီး စိတ်အားထက်သန်စွာနဲ့ နောက်ဆုံး အသင်းတော် တစ်ခုမှာ သွားရောက်သီဆိုဖို့အတွက် အနွေးထည် အထပ်ထပ်ဝတ်ပြီး လိုက်သွားခဲ့ပါတယ်။ ကျွန်မရဲ့ အမေက ဝမ်းကွဲအစ်ကို ( လူငယ်ခေါင်းဆောင်) ကို အနီးကပ် စောင့်ရှောက်ဖို့ မှာလိုက်ပါသေးတယ်။

ဒီလိုနဲ့ ညနေ ၆နာရီလောက်က စပြီးဆိုလာလိုက်တာ ည ၈ နာရီ လောက်မှာ ကျွန်မ အရမ်းမောလာပါတယ်။ ဘေးနားက အသင်းတော်က အစ်မ တစ်ယောက်က ရေဘူးတစ်ခွက်တိုက်ပါတယ်၊ ကျွန်မ နေသာထိုင်သာ ရှိသွားပြီး ဆက် သီချင်းဆိုလာလိုက်တာ ည ၉နာရီလောက်မှာ မုတ်ဆိုးမ အဖွားကြီး တစ်ယောက်ရဲ့ အိမ်ကို ရောက်လာပါတယ်။ အားပါးတရ သီဆိုနေရင်း ကျွန်မ မျက်စိထဲမှာ လောကကြီးတစ်ခုလုံး မှောင်အတိကျသွားသလို ခံစားလိုက်ရတယ်။ သတိရလာတဲ့ အချိန်မှာတော့ ကျွန်မဘေးနားမှာ မုတ်ဆိုးမ အဖွားကြီးကို ဘဲတွေ့ လိုက်ရတယ်။ အဖွားကြီးက ပျာပျာသလဲနဲ့ "အိုး ... သမီးလေး သတိရလာပြီသဲ၊ စောစောက မူးလဲသွားလို့ ဖွားဖွားရဲ့ အိမ်မှာ ထားခဲ့ကြတာ၊ ဒီမှာ သမီးလေး ဆန်ပြုတ်ပူပူလေး သောက်လိုက်နော် " ကျွန်မ ရင်နင့်အောင်ခံစားလိုက်ရပါတယ်။ "ဟုတ်လား ဖွားဖွား ဒါဆို ကျွန်မရဲ့ ဝမ်းကွဲအစ်ကို လူငယ်ခေါင်းဆောင်ရော၊ ကျွန်မရဲ့ အစ်မ ဝမ်းကွဲတွေရော၊ သူငယ်ချင်း အသင်းသူ၊ အသင်းသားတွေရော ၊ ဘယ်ရောက် သွားပြီလဲ။" လို့ ငိုပုံမဲ့နဲ့ မေးတော့ အဖွားကြီးက " သူတို့ သီချင်းဆိုဖို့ ရှေ့ဆက်သွားကြပြီ" လို့ပြောလိုက်တော့ ကျွန်မ နာကျည်းစွာနဲ့ ငိုချလိုက်ပါတော့တယ်။ ကျွန်မ မူးလဲနေတဲ့ အချိန်မှာ အနားမှာ ပြုစုမဲ့သူ တစ်ယောက် ယောက်ကို တမ်းတမိခဲ့ပေမဲ့ အနားမှာ တစ်ယောက်မှ မရှိခဲ့ဘူး။ တအောက်တည်းမှာ ဘဲ အနီးမှာရှိတဲ့ အဖွားကြီးရဲ့ သားကြီးကိုလည်း " ဦး - သမီးကို အိမ်ပြန်ပို့ပေး ပါလား " လို့ အကူအညီ တောင်းမိပါတော့တယ်။

မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်

အဲဒီ အချိန်ကစပြီး အသင်းတော်မှာ အင်တိုက် အားတိုက် ပါဝင်ဆောက်ကပ်မှု မရှိတော့သလို ဝမ်းကွဲအစ်ကိုတွေနဲ့လည်း အရင်ကလို ခင်ခင်မင်မင် မရှိတော့ပါဘူး။ သူတို့နဲ့ မျက်နှာချင်း မဆိုင်မိအောင် အမြဲတမ်း ရှောင်ဖယ်သွားလေ့ရှိပါတယ်။ တဖြေးဖြေးနဲ့ မိခင်အသင်းတော်နဲ့ ဝေးကွာသွားနေရင်း အဝေးဆုံး တစ်နေရာကို လွင့်ပါသွားတဲ့ကျွန်မ အခုအချိန်၊ ၁၀နှစ်တင်းတင်းပြည့်မှ မိခင်အသင်းတော်ရဲ့ ဝယ်ပြုစည်းဝေးရာ နေရာကိုရောက်လာပါတော့တယ်။

၁၀နှစ်တာဆိုတဲ့ အချိန်ကာလ ရွေ့လျားမှုအောက်မှာ အခြေအနေတွေ အားလုံး ရာသီနဲ့အလိုက် ပြောင်းလဲကုန်ပြီဖြစ်ပေမဲ့ ကျွန်မရဲ့ ရင်ထဲက မပြောင်းလဲနိုင်တဲ့ အရာတစ်ခုကတော့ အသင်းတော်က လူငယ်တစ်စုလုံးအပေါ်ထားခဲ့တဲ့ "မကျေရန်ညိုး" ဘဲဖြစ်ပါတယ်။ ကျွန်မ တရားဟောစင်ပေါ်ကို မျက်စိရောက်သွားတဲ့အချိန်မှာ ၁၀နှစ်တင်းတင်းပြည့်အောင် မမြင်ချင်တဲ့ ဝမ်းကွဲအစ်ကို ( အခုသင်းအုပ်ဆရာ ဖြစ်နေပါပြီ ) ရဲ့ မျက်နှာမှာ တည်ငြိမ်မှု အပြည့်နဲ့ ကျွန်မအား ချည်နှောင်မှုစိတ်ရိုင်းကို ဖြေလွှတ်လိုက်ပါတော့လို့ တိုက်တွန်းနေသလို ဖြစ်နေပါတယ်။

တဆက်တည်းမှာဘဲ "ဘုရားသခင်၏ မေတ္တာတော် အကြောင်း" ထိရောက်တဲ့ ဓမ္မဆရာတစ်ဦးရဲ့ ဒေသနာ၊ လူငယ်များရဲ့ အားတက်သရော ပါဝင်မှု၊ အသင်းသူ အသင်းသားများရဲ့ သက်သေခံချေချက်တွေကို ကြားလိုက်ရတဲ့အခါ ကျွန်မရဲ့ ရင်ထဲမှာ ခံစားချက်တွေ ပေါက်ကွဲလုမတတ် ခံစားခဲ့ရပါတယ်။ ကျွန်မ ဟန်ဆောင်လို့ မရတော့ပါ။ ကျိုးညွှဲကြေမွတဲ့ နှလုံးသားနဲ့ ဘုရားချင်ထံ ဒူးထောက်၊ အသက်တာကို အပ်နှံအပြီးမှာ တရားဟော စင်မြင့်ပေါ်ကို လှမ်းတက်လာပြီး When a child is born ဆိုတဲ့ သီချင်းကို သီဆိုချီးမွမ်း လိုက်ပါတယ်။

နေရှင်းမှာဘဲ၊ ကျွန်မရဲ့ ရင်ထဲ၊ အနှစ်နှစ်အလလ က ချည်နှောင်ထားတဲ့ စိတ်တွေ ဖြေလျော့သွားသလို မိမိကိုယ်ကိုမိမိ အမှန်ထင် ၊ တကိုယ်ကောင်းစိတ်ရှိတဲ့ အိပ်ပျော်နေတဲ့ စိတ်တွေ နိုးထလာတဲ့အပြင်၊ နာကျည်းစိတ်ကြောင့် ပင်ပန်းနွမ်းနယ်မှုအားလုံး စိုပြေလန်းဆန်းတဲ့ ဘဝသစ်ထဲ ရောက်ရှိလာသလို ခံစားလိုက်ရပါတယ်။ ဟာလေလုယာ ... ...

ချစ်သောမိတ်ဆွေ ... သင်လဲ ကျွန်မလို သည်းခံခြင်းတရားမရှိ၊ ရန်ညိုးထားခြင်းရဲ့ ကျေးကျွန်တစ်ယောက်ဖြစ်နေပါသလား။
သည်းခံခြင်းနဲ့ ခွင့်လွှတ်ခြင်း ဟာ ...
သင့်ဝိညာဉ်ကို ခွန်အားဖြစ်စေပြီး၊
သင့်စိတ်ထားကို ရွှင်ပြစေပါလိမ့်မယ်။
သင့်ပေါသကို ချောမွေ့စေပါလိမ့်မယ်။
သင့် ဝန်တိုခြင်းသဘောကို ငြိမ်းသတ်ပေးပါလိမ့်မယ်။
သင့်မာနကို မြေမှာ ချထားပါလိမ့်မယ်။
သင့်လျှာကို အထိန်းအကွပ် ရှိစေပါမယ်။
သင့်လက်ကိုလည်း အမိပ္ပါယ် ရှိတဲ့ လက်ဖြစ်စေပါလိမ့်မယ်။

ဖေက် ၄း၂ – မေတ္တာစိတ်နှင့် တစ်ယောက်ကို တစ်ယောက် သည်းခံခြင်း ရှိရမည်။

၁ယော ၃း၁၄ – မိမိညီအစ်ကို ကို မချစ်သောသူသည် သေခြင်း၌ တည်၏။

၁ယော ၂း၉–၁၁ – မိမိ ညီအစ်ကို ကိုမုန်းသောသူသည် မှောင်မိုက်၌ ရှိ၏။

၁ယော ၄း၂၀ – တစ်စုံတစ်ယောက်သောသူက ငါသည် ဘုရားသခင်ကို ချစ်၏ဟုဆိုလျက်ပင် မိမိညီအစ်ကို ကိုမုန်းလျှင် ထိုသူသည် မုသား သုံးသောသူ ဖြစ်၏။

ချစ်သောမိတ်ဆွေ ... လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဘုရားသခင်ရဲ့ ကောင်းကင်တမန်ဟာ ဗက်လင်မြို့ အပြင်ဘက်မှာ ရှိတဲ့ သိုးထိန်းတွေဆီ ရောက်လာပြီး "အလွန်ဝမ်းမြောက်ဝမ်းသာစရာ သတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။" လုကာ ၂း၁၀ လို့ပြောခဲ့တဲ့ အပြင် ဒီနေ့ထိတိုင်အောင် ခံစားရမဲ့ အလွန် ဝမ်းမြောက်ဝမ်းသာစရာ သတင်းကတော့ " ကယ်တင်သော အရှင်သည် သင်တို့ အတို့အလို့ငှာ ဖွားမြင်ခြင်းကို ခံတော်မူပြီ။ " ဆိုတဲ့ သတင်းစကားဘဲ ဖြစ်ပါတယ်။

အသစ်သော အလင်းရောင်ခြည်တန်းဟာ အပြစ်၊ ဝမ်းနည်းကြေကွဲမှု၊ ဝိညာဉ်ရေးရာ ခေါင်းပါး မှောင်မိုက်နေတဲ့ ကမ္ဘာကြီးကို ထွန်းလင်းစေခဲ့ပါပြီ။ ယောဧး၁၂၊ လု ၁း ၇၈–၇၉ ။

မိတ်ဆွေ ... ခရစ်စမတ်ရဲ့ စစ်မှန်တဲ့ အနှစ်သာရဟာ ——
မာနရှိတဲ့ နှလုံးသားနဲ့ မုန်းတီးမှုတွေအပြည့်ရှိပြီး အကြွင်းနာစိတ်ထားကင်းမဲ့သူတွေရဲ့ နှလုံးသားမှာ မရှိနိုင်၊ ရှင်သန်ပွင့်လန်းဖို့ မဖြစ်နိုင်တာကြောင့် ဘုရားရှင်ရဲ့ နက်ရှိုင်းတဲ့ ကျေးဇူးတော်အားဖြင့် ထာဝရ မှောင်မိုက်ခြင်းမှ ကင်းလွှတ်စေဖို့ *အသည်းစံအိမ်တံခါးကို ဖွင့်လိုက်ကြပါစို့။*

ခရစ်စမတ်ရဲ့ အနှစ်သာရကို စစ်မှန်စွာ ရရှိခံစားနိုင်စေဖို့ မိမိတို့ရဲ့ အသည်းစံအိမ် တံခါးကိုယ်စီ ဖွင့်လျက် ကိုယ်တော်ရှင်ကို ခေါ်ဖိတ်ကြပါစို့။ ခရစ်စမတ်ရဲ့ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်းရဲ့ အနှစ်သာရနဲ့ အတူ မျှော်လင့်ချက်ရောင်ခြည် နှစ်သစ်ရဲ့ မင်္ဂလာအပေါင်းဟာ ချစ်သောမိတ်ဆွေနဲ့ သက်ဆိုင်သူ အားလုံးတို့ အပေါ် ထာဝရသက်ရောက် တည်ရှိပါစေသော် ။။
အာမင်

ခရစ်တော်၌
**နော်အေးမီထွန်း ( GRACE FAMILY )**

*ထာဝရ ခရစ်စမတ်*

အမင်္ဂလာ ရှိနေခဲ့လို့ ၊
သခင့်မွေးနေ့ကို တစ်နှစ်တစ်ခါ ကျင်းပကြပေမဲ့
ရင်ထဲမှာ ဗလာ ဖြစ်နေရင် ၊
ခရစ္စမတ် ဟာ အလကား ပါဘဲ။
တကယ်ဆို ... သခင် သာ နှလုံးသားမှာ အမြဲ ရှိနေရင်
နှင်းငွေ့မြူမှုန်တွေ အုံ့ဆိုင်းတဲ့ – ဟေမာန်ဆောင်း မှာဘဲ ဖြစ်ဖြစ်
ဖုံလျှပ်တွေထပြီး၊ ဇုန်တဟောင်းဟောင်းနဲ့ ပတ်ကြားအက်နေတဲ့ – နွေဂိမှာန် မှာဘဲ ဖြစ်ဖြစ်
လျှပ်ပန်းလျှပ်နွယ်တွေနဲ့ မိုးကြိုးပစ်သံ – မိုးဝဿာန် မှာဘဲ ဖြစ်ဖြစ်
သုံးရာသီ တစ်နှစ်ပါတ်လုံးဟာ
မွေးနေ့တော် ( ခရစ္စမတ်) သီချင်းသံနဲ့
ခရစ္စမတ် ကို နှစ်နှစ်ခြိုက်ခြိုက်ကြီး ကျင်းပ ဖြစ်မှာပါ။
သားတော်မောင်အလီမ္မာ

သဉ်စာ· ၃-၁၆


# အတ္တများနဲ့ နုပမ်းလှုံခြင်း

ညောင်ဦး ကမ်းပါးပြို
စပွန်ဂျီလိက နွားမ ပေါင်ကျိုး
နီဇွန်ရဝ ဘဝဇာတ်ခုံပေါ်က
ပေါ်သွပ်ချောင် ဖလော်ဆော်ဇီများ
အရောင်တွေ တင်ရင်း ကခုန်ကြ။

ဆိုမာလီ အဝတ်ဗလာ
ဘာလီ ဗုံး ဖောက်ခွဲမှု
၉ – ၁၁ အနိဌာရုံ
ဇပ်ဗိုင်းယား အယ်လ်ကေဒါး ( Al Quada ) ရဲ့ ဝှက်ဖဲ
အမေရိကားရဲ့ SNIPER တော်လည်းသံ
ခြံသို့နဲ့ မလေးရှား "ရေ" ပြဿနာ
အမိုက်ပုံထဲက လူ့အခွင့်အရေး
ကြိုးဝိုင်းထဲက အသင်းတော်များ
မျက်နှာကြီးတို့ရဲ့ ဝီတိုအာဏာ
အို … အာတွေလဲ
ခေါက်ထားစမ်းပါ။
အစာသိမ်နဲ့ ပဋိပက္ခ မဖြစ်ဖို့သာ အခိက
ငါ့ သိက္ခာ ရှဲ့ မစင် မချင်းပေါ့ …။

ဝင်း … ခေါင် …
ဗြောင် – သုလာပြန်ပြီကိုး …
တံခါးဝမှာ မုတ်ဆိတ်ဖွား လူဝကြီး
MERRY X'MAS လှကလေး
လက်နိုးသွားတဲ့ အသိနဲ့ ၊ ပါဆယ်ထုတ်ကို လှမ်းဆွဲ
ပေါ့ … ပြန်ထွက်သွားပြီ။
ပရိုသန္တာရ စကားလေးတောင် မမြွက်လိုက်ရ
အပေါ် စာတမ်းလေးက " ခရစ္စမတ် လက်ဆောင်" တဲ့
ကိုင်းဖျားထက်က စာဝါငှက်လေးကတော့
ပီကျိုပီကျိုနဲ့ နှင်းခက်လေးကို မိတ်ဖွဲ့နေရဲ့
အထုတ်ကို ဖြေကြည့်ရင်း
ဖြန့်ကျက်လာတဲ့ အတွေးက
နောင်နှစ်အတွက် လက်ဆောင်
ဖွင့်လှစ်ခြင်းမခံရသေးတဲ့
အနှစ်သာရ တစ်ခုအတွက် သော့တစ်ချောင်း
အိပ်ကပ်ထဲမှာ ငိုက်မြည်းလို့ကောင်းနေတုန်း … … ။။

**ဝင်းမြင့်ဦး**
၁၂-၁၁-၂၀၀၂



လူသားများရဲ့ အတ္တ
လွန်ဆွဲမှုများနဲ့ ၊
လူသားများရဲ့ ဒေါသ
မာန်မာန တွေနဲ့
ရင်မှာပိုက်ရင်း ၊ လူသားများရဲ့
အားပြိုင်မှုတွေရဲ့ အလယ်မှာ
စမ်းသပ်ခံ ကမ္ဘာမြေလဲ
မှုပြင်းအော်ခံရင်း ၊ ညာတာမဲ့စွာ
အက်ကြောင်းရာတွေ ထပ်ခဲ့ပြီ။

သမုဒ္ဒယ လေညှင်းငွေ့တွေလည်း
အဆိပ်ငွေ့ သင့်ခဲ့ရပြီ။
စိမ်းလန်းတဲ့ တောတောင်တွေလည်း
သွေ့ခြောက် ပြာကျခဲ့ပြီ။
ပင်လယ် ရေပြင်ကျယ်လည်း
နောက်ကျိ သွားခဲ့ပြီ။
ဘုရားရှင်ရဲ့ ဖန်ဆင်းခြင်းအစ
ခေင်ဥယျာဉ်ရဲ့ ၊ အလှတရားများစွာလဲ
ပျက်သုန်းလုဆဲ ၊ အတ္တ ကမ္ဘာထဲမှာ။

ဖန်ဆင်းရှင်ဟာ ကြွေကွဲ
လူသားကို ဖန်ဆင်းခဲ့ခြင်းအတွက်
နောင်တရခဲ့ပြီ။
သို့ပေမဲ့လည်း …
ဘုရားရဲ့ မေတ္တာ ၊ သစ္စာခိုင်မြဲနေ
သက်တန့် ရောင်စဉ်ထဲက
ငြိမ်းချမ်းခြင်း ကတိတော်
ရက်သိမ်း မသွားခဲ့။

ကမ္ဘာမြေဟာ ဘယ်လို ဒဏ်ရာ
အက်ကြောင်းရာတွေ များလည်း
၂၄ နာရီ တစ်ရက်နှုန်း ၊ ခရီးဆက်နေဆဲ။
မြေကမ္ဘာဟာ ၊ ဝေနာတွေကြား
ကြံ့ကြံ့ခံရင်း၊
နေ လ ကြယ်များ ရှမ်းအင်ကိုယ်ပိ
လူသားများအတွက် ၊ ပေးဆပ်နေဆဲမို့
ဆိုချင်တယ် ၊ ရင်ထဲက စကား
"ကမ္ဘာမြေကို သိပ်ချစ်တယ်။"

ကမ္ဘာမြေရဲ့ ရှေ့၊ နောက်၊ တောင်၊ မြောက်
ဘယ်ရွှန်း ရောက်ရောက်၊
ခရစ်တော်ရဲ့
ရန်ငြိမ်းခြင်း တရားတော်ကို
ရင်ဝယ်ပိုက် ဆွဲကိုင်ရင်း၊
ရိုပြေ စိမ်းလန်းတဲ့
ငြိမ်းချမ်းတဲ့ ကမ္ဘာဆီသို့
အလှဆင် တည်ဆောက်ရင်း
ကမ္ဘာမြေကို ချစ်ကြောင်း သက်သေပြကြစို့။

**နွမ်ရှိုင်**
( ငြိမ်းချမ်းရေးသို့ ဦးတည်လျက် – )

# အကြွေပန်းပေမဲ့ ရွှေနန်းတော့ထိုက်ချင်တယ်

အခက်အလက်တွေ ဝေဖြာ၊ ပင်စည်ပေါ်က ငွားစွင့် ဝင့်ကြွားနေတဲ့ "သဇင်ပန်း" မှ ရွှေနန်းနဲ့ ထိုက်တယ်လို့ သူသူငါငါ ထင်တတ်ကြတယ်။ သင်ကရော ဘယ်လို ထင်ပါသလဲ။ အမှန်တကယ်တော့ မြေပေါ်ကြွေကျ အလှပျက်သုန်း ဘဝဆုံးတော့မယ့် အကြွေပန်းလေးတွေ အဖို့မှာ ရွှေနန်းနဲ့ မထိုက်တန်ဘူးလို့ ယူဆကြပေမယ့်၊ အကြွေပန်းလေးတွေ ရှိရာဆီ အရောက်လာပြီး ယုယညင်သာစွာ ကောက်ယူလို့ ရွှေနန်းဆီအရောက် ပို့ဆောင်ပေးနေသူ တစ်ယောက်တော့ ရှိနေတယ်။ သူ့ကိုတော့ဖြင့် ရွှေနန်းဆီရောက်ရှင်တဲ့ "အကြွေပန်း" တွေက ကျေးဇူးတွေ ပြောမပြနိုင်လောက်အောင် တင်နေတော့ "ကယ်တင်ရှင်" ရယ်လို့ လှိုက်လှိုက်လှဲလှဲ ခေါ်ဆိုကြတယ်လေ။

အဲဒီ ကယ်တင်ရှင်ရဲ့ ယုယညင်သာစွာ ကောက်ယူခြင်းကို ငြင်းဆန်လို့ အဝေးကို လေနှင့်အတူ ရှောင်ပြေးချင်တဲ့ အကြွေပန်းလေးတွေလည်း ရှိသေးတယ်။ ဒီအကြွေပန်းလေးတွေဟာ လက်ရှိဘဝလေးမှာ ပျော်ပိုက်လို့ ရွှေနန်း ကိုတောင် မဝင်စားချင်ကြဘူး။ အမှန်တကယ်တော့ အချိန်တိုလေးအတွင်းမှာ နွမ်းခြောက်ခြင်း၊ အမှိုက်အဖြစ် မီးရှို့ခြင်း ခံရတော့မယ် ဆိုတာတွေကို မေ့လျော့နေကြလို့ပေါ့။

ကဲ – မိတ်ဆွေ ... အကြွေပန်းလေးတွေကို ကိုယ်စားပြုနေသူတွေဟာ တခြား သူတွေတော့ မဟုတ်ပါဘူး။ သင်နဲ့ ကျွန်ုပ်ပါဘဲ။

ဒီဇင်ဘာလ ထဲရောက်လာလို့ အကြွေပန်းတွေ ရှိရာဆီ အရောက်လာတော့မဲ့သူ့ကို ဆီးကြိုကြတော့မယ်။ သူ့ရဲ့ ကယ်တင်ခြင်းလက်ဆောင်ကို တမ်းတာနေကြတယ်။ သူကလဲ ဘယ်အကြွေပန်းကိုမဆို ရွှေနန်းဘုံဆီ ယူဆောင်သွားဖို့ ဝန်မလေးဘူး။ ဒီအချိန် ဒီကာလလေးကို အမြဲတမ်း အမှတ်တရနဲ့ ပျော်ရွှင်စွာ ပွဲလမ်းသဘင်တွေ ဆင်ယင်ကျင်းပလို့ အသိအမှတ်ပြုကြတယ်။

ဒါပေမဲ့ ...

အကြွေပန်းတွေ မေ့နေတာ တစ်ခုတော့ရှိသေးတယ်။ ဒီအချိန် ဒီရာသီမှာဘဲ ကောင်းခြင်းကျက်သရေ အဖြာဖြာကို ဆန့်ကျင်လို့ အကြွေပန်းတွေကို ကိုက်ဖြတ် ဝါးမြိုမဲ့ စာတန် ကလဲ လက်ဆောင်တစ်ပွေ့တစ်ပိုက်နဲ့ လာနေလေရဲ့။ သူကတော့ အားလုံးထက် ခေါနိုင်သမျှ ခေါအောင် ဒီဇင်ဘာ လဆန်းတမ်ရက်နေ့ ကတည်းက အေအိုင်ဒီအက်(စ) လက်ဆောင်တွေကို အကြွေပန်းတွေဆီ အရောက် နည်းမျိုးစုံနဲ့ ပို့နေလေရဲ့။ သူ့ရဲ့ လက်ဆောင်ကို သိသိနဲ့ ယူကြတဲ့သူတွေရှိသလို ဘာမသိ ညာမသိ ရလိုက်ကြတဲ့ သူတွေလည်းရှိနေတယ်။

သင့်ဆီကို လက်ဆောင်တွေ တစ်ခုပြီးတစ်ခု လာနေပြီ ၊ ကဲ – ရွှေးတော့၊ ဘယ်အရာကို ယူမလဲ။ ဘယ်လို ခွဲခြားပြီး ရွေးမလဲ။


ဒါပေမဲ့ လက်ဆောင်ထုတ်ကို ဖွင့်လို့ရတဲ့ အရာကတော့ သင်ခံစားရမဲ့ ရွေးချယ်မှု ရလဒ်ကြီးဘဲပေါ့။ တလောကလုံးနဲ့ မလဲနိုင်တဲ့၊ ထာဝရ ပျော်ရွှင်ငြိမ်သက်ခြင်းနဲ့ အသက်လား။ ဒါမှမဟုတ် ထာဝရ ပူလောင် မငြိမ်းအေးမှုနဲ့ ငရဲလား။

*** အကြွေပန်းရယ် ... ကယ်တင်ရှင် လာနေမှတော့ – – –
" အကြွေပန်း ပေမဲ့ ၊ ရွှေနန်းတော့ ထိုက်ချင်တယ် "
လို့ ပြောလိုက်ပါတော့ကွယ် ***
( ဒီဇင်ဘာ ၁ ၊ ၂၃ ။ မိုး နှင့် ဒံ မွေးနေ့ အမှတ်တရ )

စကားပြေ [ မှူယာဘုန်း ]

# အရိုး

ခံစားမှုရသ ဝတ္ထုတို



ကျွန်တော် က တောသားစစ်စစ်ပါ။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က ကျွန်တော်တို့ ဆွေမျိုးတစ်သိုက်၊ "တစ်ရွာမပြောင်း၊ သူကောင်းမဖြစ်" ဆိုတဲ့ စကားပုံအတိုင်း တိုးတက်ကြီးပွားလိုတဲ့ ဆန္ဒနဲ့ တောကနေ မြို့ပေါ်ကို

တက်လာခဲ့တယ်။ တောသား မြို့ရောက် ဆိုတော့ အရာအားလုံးဟာ ကျွန်တော့် မျက်စိထဲမှာ အသစ်အဆန်းတွေ၊ အထူးအဆန်းတွေချည်းပါဘဲ။ မော်တော်ကားတွေ၊ တိုက်အိမ်လှလှလေးတွေ၊ ဈေးရုံကြီးကြီးတွေ၊ လူတွေ၊ သီချင်းသံတွေ၊ အို ... ရှုပ်ယှက်ကို ခပ်နေတာပါဘဲဗျာ။

ကျွန်တော်တို့ ဆွေမျိုးအားလုံး သမ်ထုတ်လုပ်ရေးက လော်ရီကားကြီးနဲ့ မြို့ပေါ်ကို တက်လာတာ ပျော်စရာလည်းကောင်းတယ်။ စိတ်ပျက်ဖို့လည်းကောင်းတယ်။ မြို့ထဲရောက်တော့ ကျွန်တော်တို့ကို ခေါ်လာတဲ့ သူက ကျွန်တော်တို့တစ်တွေကို အမျိုးအစားလိုက် နေရာခွဲပြီးပို့လိုက်တယ်။ တစ်ချို့က ထင်းမီးသွေးဆိုင်မှာနေရပြီး၊ တစ်ချို့က သစ်ဆိုင်မှာနေရတယ်။ အမျိုးအစား အရည်အသွေးကောင်းတဲ့ သူတွေကိုတော့ ပန်းပုဆိုင်ကိုပို့လိုက်တယ်၊ သူတို့က လှုကြိုက်များပြီးဈေးကောင်းရတာကိုး။

အမျိုးအစား သိပ်ညံ့တဲ့သူတွေကတော့ ထင်းမီးသွေးဆိုင်မှာ နေရတယ်၊ ကျွန်တော်နေရတဲ့ နေရာကတော့ ပရိဘောဂဆိုင် တစ်ဆိုင် မှာဖြစ်ပါတယ်။ ရောက်ရောက်ချင်းတော့ ဆိုင်ပိုင်ရှင်က ကျွန်တော့်ကို ဘာမှ မလုပ်ပါဘူး။ ဆိုင်ရဲ့ ချောင်ကျကျ မှောင်မိုက်တစ်နေရာမှာ ထားထားပါတယ်။ ပင့်ကူမျှင်တွေ၊ ဖုန်မှုန့်တွေ အထပ်ထပ်ရှိနေတဲ့ အပြင် အောက်သိုးသိုး အနံ့အသက်ရတဲ့ အဲဒီချောင်လေးမှာ စက္ကူနဲ့ပေါင်းများစွာ၊ မိနစ်ပေါင်းများစွာနဲ့ ရက်ပေါင်းများစွာ ကျွန်တော် နေလာခဲ့ရပါတယ်။

လေကောင်းလေသန့် မရတဲ့အတွက် ကျွန်တော့်တကိုယ်လုံးလဲ လေးလံထိုင်းမှိုင်းလို့နေပါတယ်။ အဲဒီလိုနဲ့ တစ်နေ့မှာ ကျွန်တော်တို့ ပရိဘောဂဆိုင်ကို မျက်နှာညိုးငယ်နေတဲ့ လူတစ်ယောက်ရောက်လာပြီး အလုပ်လာအပ်ပါတယ်။ သူနဲ့ ကျွန်တော့် ဆိုင်ပိုင်ရှင်နဲ့ အလုပ်ကိစ္စ စကားအရေးအတင် ပြောအပြီးမှာ ဆိုင်ရှင်က လက်သမားဆရာတစ်ယောက်ကို ခေါ်ပြီး လုပ်ရမဲ့တာဝန်တွေ ပြောပြနေတာကို ကျွန်တော် အဝေးကနေ တွေ့လိုက်ရပါတယ်။ ပိုင်ရှင်သူဌေးရဲ့ အမိန့်ကို ခေါင်းတညိတ်ညိတ်နဲ့ နားခံနေတဲ့ လက်သမားဆရာဟာ သူဌေးရဲ့ စကားအဆုံးမှာ ကျွန်တော့်ဆီကို တန်းတန်းမတ်မတ် လျှောက်လာတာ တွေ့လိုက်ရတယ်။ ကျွန်တော့် ရင်ခုန်သံတွေ မြန်နေပါတယ်။ ရက်ရှည်လများ စောင့်ဆိုင်းနေရတဲ့ ဒီအမှောင် ချောင်လေးထဲက ကျွန်တော် ထွက်ခွင့်ရပြီထင်ပါရဲ့။

ကျွန်တော့် အတွေး မဆုံးခင်မှာဘဲ၊ လက်သမားဆရာက ကျွန်တော့်ကို ကောက်ကိုင်လိုက်ပါတယ်။ နွေးထွေးနေတဲ့ လက်သမားဆရာရဲ့ လက်နဲ့ အေးစက်နေတဲ့ ကျွန်တော့် ခန္ဓာကိုယ်အထိမှာ ကျွန်တော့်ကိုယ်ထဲ အားအင်သစ်တွေ စီးဆင်း မွေးဖွားလာသလို ခံစားလိုက်ရတယ်။ နာရီပိုင်းအတွင်းမှာ ကျွမ်းကျင်တဲ့ လက်သမားဆရာဟာ သူ့ရဲ့ လွှ၊ ရွေး၊ ဆောက်၊ တူ၊ သံ တွေကို အသုံးချပြီး ကျွန်တော့်ရဲ့ ကိုယ်ခန္ဓာကို သူ့စိတ်ကြိုက်ပုံသွင်းနေပါတော့တယ်။ ကျွန်တော့်တစ်ကိုယ်လုံး နုတ်ထစ်၊ ထုရိုက်၊ ထွင်းဖောက်ထားတဲ့ ဒဏ်တွေကြောင့် အသည်းခိုက်အောင် နာကျင်နေပေမဲ့ ကျွန်တော့်ရဲ့ ဆိုင်ပိုင်ရှင်အတွက် ( သို့ ) လူသားတွေအတွက် တစ်နေရာရာကနေ အသုံးခံရတော့မယ်ဆိုတဲ့ အသိက ကျွန်တော့် ရင်ကို ပေါ့ပါးသွားစေခဲ့ပါတယ်။

အချိန်တော်တော်ကြာသွားချိန်မှာတော့ လက်သမားဆရာဟာ အလုပ်ကို လက်စသတ်လိုက်ပါတော့တယ်။ အဲဒီအချိန်မှာတော့ ကျွန်တော်ဟာ လူတွေအတွက် အသုံးဝင်မယ့် အရာဝတ္ထုတစ်ခုဖြစ်သွားပါတယ်။ အဲဒါက ဘာလည်းဆိုတော့ ရှည်မျောမျောသေတ္တာတစ်လုံးဘဲ ဖြစ်ပါတယ်။ နောက်တစ်နေ့မှာတော့ ဟိုနေ့က ဆိုင်မှာ ပစ္စည်းလာအပ်တဲ့သူ ရောက်လာပြီး ဆိုင်ပိုင်ရှင်ရဲ့ လက်ထဲကို ငွေစာအနည်းငယ် ထည့်လိုက်ပါတယ်။ နောက်တော့ ကျွန်တော့်ကို ခေါ်သွားပါတယ်။ မကြာခင်မှာ သူ့ရဲ့အိမ်ကို ရောက်ရှိ သွားပါတယ်။ သူ့ရဲ့ အိမ်ခြံဝင်းလေးထဲမှာ လူတော်တော်များများရှိနေပါတယ်။ အိမ်ရှေ့ က မဏ္ဍပ်အောက်မှာ ကျွန်တော့်ကို ညင်ညင်သာသာဘဲ ချထားလိုက်ပါတယ်။ မဏ္ဍပ်ထဲမှာ ရှိနေတဲ့သူတွေအားလုံးဟာ မျက်နှာမသာမယာနဲ့ ဆိတ်ငြိမ်နေကြပြီး မှိုင်တွေနေကြတယ်။ မျက်နှာမသာမယာနဲ့ သိပ်ငြိမ်ပြီး

ပုံဘဲ။ ခနနေတော့ အိမ်ထဲက လူ၄–၅ယောက်ဟာ ငြိမ်သက်နေတဲ့ လူကြီးတစ်ယောက်ကို မပြီး သယ်လာကြတယ်။ ပြီးတော့ အဲဒီလူကြီးကို ကျွန်တော့်ရဲ့ ကိုယ်ခန္ဓာထဲ ထည့်လိုက်တယ်။ " ဟောဗျာ ... ဘယ်လိုလူကြီးပါလိမ့်၊ အသက်လုံးဝ မရှုဘဲ အေးစက်တောင့်တင်းပြီး ငြိမ်သက် နေပါလား။ အားပါးပါး ... သူ့တစ်ကိုယ်လုံးမှာလည်း ပုပ်ပွနံစော်နေပါလား။ ဟာ ... ဘယ်လို လူကြီးကို ကျွန်တော့်ရဲ့ ကိုယ်ထဲ လာထည့်ကြတာလဲ "

အဲဒီအချိန် မှာဘဲ၊ အိမ်ထဲက ခံပင် ဖိုးယိုးဖားယားနဲ့ မိန်းမပျိုတစ်ယောက်ထွက်လာပြီး၊ ကျွန်တော့်ကိုယ်ထဲက လူကြီး ကို ဖက်ထားရင်း "ဖေဖေ သမီးတို့ကို ခွဲသွားပြီလား၊ အီး – ဟီး – ဟီး " လို့ အားပါး တရ ငိုပါလေရော။ မကြာခင်မှာဘဲ၊ လူတွေက ကျွန်တော့်ကို ထမ်းပြီး အိမ်ခြံဝင်းထဲက ထွက်သွားကြတယ်။ ကျွန်တော့်ကို ထမ်းပြီး သယ်တယ်ဆို တာထက်၊ ကျွန်တော့် ကိုယ်ခန္ဓာထဲက လူကြီးကိုသယ်တယ်လို့ပြောရင် ပိုမှန်ပါ လိမ့်မယ်။ အဲဒီလူကြီးကို တစ်နေရာရာမှာ သွားထားတော့မယ် ထင်ပါရဲ့။

အဲဒီလိုနဲ့ ကျွန်တော်တို့အားလုံး မီးပုံကြီးတစ်ခုရဲ့ ရှေ့ကို ရောက်သွားကြတယ်။ အလျှံငြီးငြီးတောက်လောင်နေတဲ့ မီးတောက်တွေကို ကြည့်ရင်း ကျွန်တော်သွေးပျက်လာတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့သစ်သားတွေဟာ မီးရဲ့ ဝါးမြိုလောင်မြိုက်မှုကို ခံရရင် လုံးဝ ဘဝပျက်သွားကြလို့ပါဘဲ။ ဖြစ်နိုင်ရင် ကျွန်တော် ဘဝမဆုံးချင်သေးပါဘူး။

ဟော ... ပြောရင်းဆိုရင်း ကျွန်တော်နဲ့ ဟိုလူကြီးကို မီးပုံထဲထည့်နေကြပြီ။ အမလေး ပူလိုက်တာ။ အဲဒီအချိန်မှာဘဲ ဝေးနားမှာ စကားပြောနေတဲ့ လူတစ်ချို့ရဲ့ စကားသံကို ကြားလိုက်ရတယ်။ " သူ့ကို နမြောလိုက်တာ " " သူ့ ပိညာဉ် ကောင်းရာမွန်ရာ ရောက်အောင် တို့ဘာမှလုပ်မပေးနိုင်ဘူး" " သိပ်နောက်ကျသွားပြီ " တဲ့။ ကျွန်တော် သဘောပေါက် လိုက်ပါပြီ။ ကျွန်တော့်ကိုယ်ခန္ဓာထဲက လူကြီးက၊ အသက်ဝိညာဉ် လုံးဝမရှိတော့တဲ့ လူကြီးဘဲ။

အခုမြင်နေရတာက သူ့ရဲ့ အခွံသက် သက် ခန္ဓာကိုယ် ကြီးဘဲ။ အထဲမှာ ရှိတဲ့ ဝိညာဉ်က သူ့ခန္ဓာထဲမှာ မရှိတော့ဘူး။ ဒါ့ကြောင့်သူဟာ လူသေကောင် အခွံ သက်သက်ဖြစ်သွားပြီ။ ဒါဆို တန်ဖိုးရှိတဲ့ သူ့ရဲ့ ဝိညာဉ်ကရော ဘယ်ရောက်သွားတာလည်း။ ခင်ဗျားသိရင် ကျွန်တော့်ကို ပြောပြပါလား။

ဪ ... လူ့ရဲ့ အခွံဟာ ဘာမှ တန်ဖိုးမရှိပါလား။ ဒါပေမဲ့ လူတွေက အဲဒီ အခွံကိုဘဲ တန်ဖိုးရှိသယောင်၊ တာရှည်ခံသယောင်၊ အသုံးဝင်သယောင်နဲ့ အမျိုးမျိုးမွှမ်းမံ၊ ပြင်ဆင်၊ ဖြယ်သ နေလိုက်ကြတာများ။ သိပ်ပြီး တရား ရစရာကောင်းလိုက်တာ။ ကြားဖူးတာလေး တစ်ခုကိုတော့ ပြောပြချင်ပါရဲ့။ ဆရာ လုပ်တယ်လို့တော့ မထင်လိုက်ပါနဲ့။

" လူသည် ဤခြောက်ခန္ဓာကို စကြွင်းပဲ့ အစိုးရ၍ စိစိ စသက်ဝိညာဉ် ဆုံးရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း " တဲ့။

အရာအားလုံးကို ပိုင်ဆိုင်ထားနိုင်ပေမဲ့ ကိုယ့်အသက်ကိုမှ ကိုယ်မပိုင်နိုင်ရင် အသက်ရှင်ရတာ ဘာအကျိုးရှိမှာလဲဗျာ။ အခု ဒီလူကြီးရဲ့ အခွံ ဟာမီးရှို့ ခံနေရတယ်။ သူ့အခွံ ထည့်ထားတဲ့ သစ်သားသေတ္တာအခွံဖြစ်တဲ့ ကျွန်တော်လည်း ရောပြီး မီးရှို့ခံနေရတယ်။

လူတွေအားလုံးရဲ့ အခွံဟာလည်း တစ်နေ့နေ့မှာ မလွဲမသွေ မီးရှို့ခံ (သို့) မြေကြီးထဲ မြှုပ်ခံရမှာဘဲ။ ဆိတ်ချရှိ ... (သို့) ပျက်ဆီးဆုံးရှုံး ရလိမ့်ဦးမယ်။ တစ်နေ့နေ့ တစ်ချိန်ချိန် ကျရင် ခင်ဗျားရဲ့ အခွံလည်း ... ... ...

( မင်းအောင်သက်လွင် )

( ဝန်ခံချက် ... မိတ်ဆွေ တစ်ဦး၏ ရှာပန အခမ်းအနားမှ မြင်တွေ့ခဲ့ရသော အဖြစ်အပျက်အား ခံစားရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ )

ဧည့်သည်စရိုး စာမူများ ရေးသားပေးပို့ နိုင်ပါသည်။ နိုင်ငံရေး လူမျိုးရေး ဘိုးဘေးနှင့် ငြိစွန်း ပါဝင်သော စာမူများကို လုံးဝ လက်မခံပါ။


အချစ်တော်အသင်းသား
ညီအစ်ကိုမောင်နှမများ..
စကားပြောတာ မကျယ်
ပါစေနဲ့ ... ဘေးက
အသင်းသား အနားယူ
နေတာကို အနှောင့်အ
ယှက်ဖြစ်သွားစေနိုင်လို့ပါ။
ကာတွန်း:- သစ္စာချ

